

# မောင်မြင့်မား
ဘိုကလေး

# မုဆိုးနှင့်သားကောင်

(ဖြစ်ရပ်ဆန်းကြယ် မုဆိုးဝတ္ထုများ)

…003.GRAPHIC DESIGN : KYAW MINN MOUNG

# အဘအောင်နှင့်တောဝက်သား

ကျွန်တော်သည် တစ်ချိန်တုန်းက အစိုးရဝန်ထမ်းတစ်ဦး ဖြစ်ခဲ့ပြီး မြန်မာပြည်အနှံ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရင်း အဘဦးအောင်ကျော်ဇံ (နောင်တွင် အဘအောင်)နှင့် တွေ့ဆုံခဲ့ပြီး နောက် ကျွန်တော်သည် အဘအောင်ထံမှ တောတွင်းဗဟု သုတများ တော်တော်များများ ရရှိခဲ့ပါသည် ။ ထို့ကြောင့်လည်း ဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့ပြီး တွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို အခြေခံ ကာ မဂ္ဂဇင်းစာစောင်များ တွင် အတော်အသင့် ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည် ။

ယခုလည်း အစားအသောက်ကို ရှာရှာဖွေဖွေ စားသောက်တတ်သော အဘအောင်နှင့်အတူ တောဝက်ပစ်ရင်း တောဝက်သားစားခဲ့ရသော အတွေ့အကြုံကလေးကို သတိတရအဖြစ် ရေးသားတင် ပြလိုက်ရခြင်းဖြစ်ပါသည် ။

မြေလတ်ပိုင်းရှိ မြို့တစ်မြို့အောက်ဘက် မိုင်(၃၀-၄၀)ကျော်မျှ ကွာဝေးသောနေရာရှိ ရွာကလေးတစ်ရွာတွင် ဖြစ်သည် ။ ကျွန်တော်သည် ထိုရွာနှင့် သိပ်စိမ်းလှသည် မဟုတ်ပါ။ ယခုတာဝန် မကျမီ လွန်ခဲ့သော (၅)နှစ်ခန့်က တစ်နှစ်တာဝန်ကျသောကြောင့် တစ်ခေါက်ရောက်ဖူးခဲ့ပါသည် ။ မြေလတ်ပိုင်းရှိ ရွာတစ်ရွာဖြစ်သောကြောင့် စိမ်းစိုသော တောတောင်ရေမြေများ နှင့် လှပနေသည် ။

ယင်းအလုအပကို အဝေးကကြည့်လိုက်လျှင် ညို့ညို့မှိုင်းမှိုင်းနှင့် မိသားစုနှင့် ခေတ္တခဏခွဲခွာ နေရသော ကျွန်တော်တို့ ဝန်ထမ်းများ အဖို့ တစ်ခါတစ်ရံတွင် လွမ်းစရာလိုလို ဘာလိုလိုခံစားမိသည်။ တာဝန်ထမ်း ဆောင်ရာ တောရွာများ သို့ တစ်ရွာပြီးတစ်ရွာ လှည့်လည်သွားလာရင်း ထမင်းဟင်းကို အဆင်ပြေသလို စားရတတ်သောကြောင့် တစ်ခါတစ်ရံ ဟင်းလျာထူးထူးဆန်းဆန်းလေးများကို တောင့်တမိကြသည်။

တောင့်တမိတိုင်းလည်း ရှာရှာဖွေဖွေ လုပ်ကိုင်ကျွေးတတ်သော အ ဘအောင်ကို အပူကပ်နေကျ ဖြစ်သောကြောင့် ကျွန်တော်တို့ အဖွဲ့သားများက အဘအောင်ကို အကူအညီတောင်းမိကြသည်။

ထိုအခါ အဘအောင်က ...

"ဆရာလေးတို့ တောပစ်မထွက်တာလည်း ကြာပြီ၊ ဒီတစ်ခါတော့ တောဝက်ပစ်ကြရအောင်"

"ဘယ်မှာ ပစ်မှာ လဲ အဘရဲ့ "

"မရန်းပင်ရွာနောက်က တောထဲမှာ ပဲ တောဝက်တွေ အားကြီးပေါ တယ်၊ တစ်လောကတင် ရွာထဲက ကိုအောင်မောင်းကြီးသား တောဝက် သွားလိုက်တာ တောဝက်နဲ့ ရင်ဆိုင်တိုးပြီး တောဝက် ပက်လို့ ဆေးခန်း ပို့လိုက်ရတယ်၊ တောစပ်က သခွားခင်းတွေလည်း တောဝက်တွေ ဖျက် လွန်းအား ကြီးလို့ လာ,လာတိုင်ကြတယ်၊ ဆရာလေးတို့ အဖွဲ့အားရင် ပ စ်ခိုင်းပေးမယ်လို့ ပြောထားရတယ်"

ကျွန်တော်တို့ အဖွဲ့မှာ လည်း တစ်ရွာပြီးတစ်ရွာကူးကာ အလုပ်ရှုပ် နေသောကြောင့် အခုပဲ တောပစ်ထွက်ကြမည်ဟု အဘအောင်ကို ကတိ ပေးထားရသည်။

***

နေသာသောနေ့ တစ်နေ့တွင် ဖြစ်သည် ။

"ဆရာလေး ... ဆရာလေး"

" လာပြီဗျို့ ... လာပြီ"

ကျွန်တော်အိမ်ထဲမှ ထွက်လာသောအခါ အိမ်ရှေ့တွင် အဘအောင်နှင့် အသက်(၄၀)ခန့် ပါးစပ်ထဲတွင် ကွမ်းချေးများ ကပ်နေသောလူတစ်ယောက်ကို တွေ့ရသည် ။

" လာလေ ... အဘ၊ အထဲဝင်လေ"

"ဒီလိုပါ ဆရာလေး၊ သူက ကျော်ဖံလှပါ၊ သူ့သခွားခင်းထဲမှာ ညဘက်ကျရင် တောဝက်တွေ ဝင် လာပြီး ဖျက်,ဖျက်နေတာ (၃-၄)ရက်ရှိပြီ၊ အတော်ပျက်စီးကုန်တယ်လို့ ပြောတယ်၊ အဲဒါ ဆရာ လေးတို့ ညဘက်ကျရင် တောဝက်ပစ်ပေးပါလား"

"အဘ ကျွန်တော်တို့ မှာ ပစ်စရာသာရှိကြတာ၊ ဟုတ်တိပတ်တိ အမဲလိုက်ကျွမ်းတာ မဟုတ် ဘူး အဘရဲ့ ၊ နောက်ပြီး အခုလို ညဘက်ပစ်မယ်ဆိုတာလည်း ကျွန်တော်တို့ တစ်ခါမှ ပစ်ဖူးကြတာ မဟုတ်ဘူး "

"အေးပါ ... အဘလည်း နားလည်ပါတယ်၊ ဒါပေမဲ့ ဆရာလေးတို့ အကူအညီပေးမယ်ဆိုရင် အဘ စီစဉ်ပေးပါ့မယ်၊ ပစ်မယ်ဆိုတာက လင့်ထိုးပြီးပစ်မှာ ကို ပြောတာပါ၊ အန္တရာယ်နဲ့ လည်း ဝေးပါ တယ်၊ နောက်ပြီး ဆရာလေးတို့ လည်း အတွေ့အကြုံရတာပေါ့၊ ဆရာလေးတို့

သေနတ်သာပြင်ထား ပါ။ ပစ်ဖို့ ကိစ္စအားလုံး အဘစီစဉ်ပေးပ့ါမယ်"

ကျွန်တော်က ကျွန်တော့်ရဲဘော်များ နှင့် ဆွေးနွေးကြည့်သည် ။

အားလုံး သဘောတူကြသည် ။

သို့သော်လည်း လင့်ထိုးပစ်ခြင်းသည် လူများ လျှင် တောကောင်တွေ အတွက် အသိပေးသလို ဖြစ်နေတတ်သောကြောင့် အဘအောင်ကို ကြို မေးရသည် ။

"အဘ ... ကျွန်တော်တို့ အားလုံး လိုက်လို့ မရဘူးထင်တယ်"

"ဟာ ... အားလုံးတော့ ဘယ်ဖြစ်မလဲ၊ နှစ်ယောက်တည်းလိုက်ပါ၊ လူများ ရင် မကောင်းဘူး"

"ဒီလိုဆိုရင် ကျွန်တော်နဲ့ ကိုမင်းနောင်နဲ့ လိုက်မယ်၊ အဘ ဘယ်အချိ န်လာခေါ်မလဲ"

"အင်း ... အဘ နေမစောင်းခင် ခပ်စောစောကလေး လာခေါ်မယ် လေ"

အဘအောင်နှင့် ကိုကျော်ဇံလှတို့ ပြန်သွားပြီးနောက် ကျွန်တော်နှင့် ကိုမင်းနောင်တို့ နှစ်ယောက် ညဘက်အမဲပစ်ရေးအတွက် ယူစရာရှိသ ည် များကို ယူကြရန်ပြင်ဆင်ကြသည် ။ ကျွန်တော့်အပေါင်း အသင်း ကို မင်းနောင်သည် တစ်ချိန်က မြစ်ဝကျွန်းပေါ်ဘက်တွင် မိကျောင်းဖမ်း သောအလုပ်ကို အတော်ကြာအောင် လုပ်ခဲ့ဖူးသည့်အပြင် အမဲလိုက်ခြင်း အလုပ်ကိုလည်း ကျွန်တော့်ထက်စာလျှင် ဝါရင့်သူတစ်ယောက်ဖြစ်၍ သူ နှင့်ကျွန်တော် တွဲမိကြခြင်းဖြစ်သည် ။

ကျွန်တော်တို့ နှစ်ယောက်ကို အဘအောင် လာခေါ်သောအချိန်သည် ညနေ (၄)နာရီသာသာခန့် တွင် ဖြစ်သည် ။ ကျွန်တော်တို့ ထမင်းကို

စောစောစားကြပြီး ညဘက်ဆာလျှင် စားရန်အတွက် ပြောင်းဖူးပြုတ်များကိုလည်း ငှက်ပျောဖက်နှင့်ထုပ်ကာ ထည့်လာခဲ့ကြသည် ။ ကိုမင်းနောင်သည် သားကောင် ကြီးများ သာ ပစ်ရန်အတွက် သုံးလေ့သုံးထရှိသော ပွိုင့်တူးတူး ကျည်ဆန်အပြင်းစားများကို လက်တစ်ဆုပ်စာ ထည့်လာခဲ့သည် ။

ကျွန်တော်တို့ သည် ကိုကျော်ဇံလှ သခွားခင်းသို့ (၂)နာရီနီးပါးမျှ တောလမ်းအတိုင်း လျှောက် လာခဲ့ကြရသည် ။ ရောက်လာသောအခါ သစ်တိုပင်ကြီးတစ်ပင်၏ မြေပြင်မှ ပေ(၂၀)သာသာခန့် လောက်တွင် အခိုင်အခံ့ဆောက်ထားသော လင့်ကို တွေ့လိုက်ကြရသည် ။

"တောကောင်တွေ ညဘက်လာဖျက်ထားတာတော့ မြင်တဲ့ အတိုင်းပဲ ဆရာလေး၊ သခွားပင် တွေလည်း ကိုက်ဝါးထားတယ်၊ မြေကြီးတွေလည်း ဖွာလန်ကြဲနေအောင် ထိုးဆွထားတယ်၊ တစ်ည လောက်ဆော်လိုက်ရင်တော့ ဒီကောင်တွေ လန့်သွားမှာ ပါ"

ကျွန်တော်တို့ သုံးယောက်သည် နေလုံးမပျောက်မီမှာ ပင် လင့်ပေါ်သို့ရောက်နေကြပြီးဖြစ် သည် ။ အဘအောင်သည် တမာရိုးကလေးကို သွားကြားထိုးရင်း လင့်ပေါ်တွင် မှီလျက် မှိန်းနေသည် ။ ကိုမင်းနောင်က ဆေးလိပ်တိုတစ်တိုကိုဖွာကာ ဖိမ်ကျနေသည် ။ ကျွန်တော့်မှာ တစ်ခါဖူးမျှ လင့်မပစ် ဖူးသော အတွေ့အကြုံကြောင့် စိတ်ထဲမှာ တစ်မျိုးဖြစ်နေမိသည် ။ ငယ်စဉ်က ကြားဖူးဖတ်ဖူးသော လင့်ထိုးလျှင် တောခြောက်တတ်တယ်၊ နာနာဘာဝတွေ အောက်ကလာတတ်တယ်ဆိုသော အတွေး မျိုးဝင်လာပြန်သည် ။

မည်သို့ဆိုစေ စိတ်ကိုငြိမ်အောင်ထားရင်း မှုန်မှိုင်းအုံ့ဆိုင်းနေသော တောတောင်များကိုကြည့် ကာ ကျွန်တော်သည် စိတ်ကူးတည့်ရာ လျှော

က်တွေးနေမိသည် ။

အလင်းရောင်များ တဖြည်းဖြည်း ငြိမ်သက်တိတ်ဆိတ်လာသည် ။ ကျေးငှက်သာရကာတို့ ၏ အော်သံ၊ အိပ်တန်းတက်သံများ သည် လည်း တဖြည်းဖြည်းကွယ်ပျောက်သွားသည် ။

"တောက် ... တောက်"

"တောက် ..."

တောက်ခနဲ၊ တောက်ခနဲ အသံကို ဆက်ပြီးကြားလာရပြန်သည် ။ ကျွန်တော် လင့်ပေါ်တွင် မှိန်းနေသော အဘအောင်ကို လက်ကုတ်လိုက်သည် ။ အဘအောင်က ...

"ဘာလဲ ဆရာလေး၊ ဝါးခုတ်တဲ့ လူတွေက အချိန်မတော်မှ ဝါးလာခုတ်တယ် ထင်လို့ လား၊ ဒီအရပ်မှာ ဝါးခိုးခုတ်တဲ့ သူ မရှိပါဘူး ဆရာလေး၊ အဲဒါ ဒေါင်းတွေတစ်ကောင်နဲ့ တစ်ကောင် အချက် ပေးနေကြတာပါ၊ စောပါသေးတယ် ဆရာလေး၊ (၈)နာရီ၊ (၉)နာရီလောက်မှ ဒီကောင်တွေလာမှာ ပါ၊ ဆရာလေးတို့ မှိန်းချင်ရင်မှိန်းပါဦးလား၊ တော်ကြာ အိပ်ရမှာ မဟုတ်တော့ဘူး"

ထိုအခါတွင် ကျမှ ကျွန်တော်နှင့် ကိုမင်းနောင်တို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မှောင်မှောင်မည်းမည်းတွင် ကြည့်ကာ ပြုံးမိလိုက်ကြသည် ။ ကျွန်တော်တို့ နှစ်ယောက်လည်း လင့်ကျဉ်းကျဉ်းလေးပေါ်တွင် ကျောဆန့်ရန် တစ်ယောက်ကိုတစ်ယောက် အားနာနေသောကြောင့် အလကားနေ အလကားပင် ယူလာခဲ့သော ပြောင်းဖူးပြုတ်များကို ဆားနှင့်ပွတ်ကာ စားနေမိကြသည် ။

"ကိုမင်းနောင် ဆီးသွားချင်ရင် စောစောလေးဆင်းပြီး သွားထားနော်

"

"ပြီးပါပြီ၊ လင့်ပေါ်မတက်ခင်ကတည်းက စောစောစီးစီး ကိစ္စရှင်းပြီး ပါပြီ"

ကျွန်တော်တို့ နှစ်ယောက် စကားပြောစရာမရှိသောကြောင့် ငြိမ်သက်သွားကြပြန်သည် ။

အဘအောင်ထံမှ ဟောက်သံသဲ့သဲ့ပင် ထွက်ပေါ်လာသည် ။ လဆန်းရက်ဖြစ်၍ ထွက်ပေါ်လာ သော လရောင်ရေးရေးကြောင့် ပတ်ဝန်းကျင်တွင် အလင်းရောင်များ တဖြည်းဖြည်းတိုးဝင်လာသည် ။

တိတ်ဆိတ်ငြိမ်သက်နေသော အမှောင်ထုနှင့်အတူ ကိုက်(၂၀-၃၀)အကွာလောက်ဆီမှ ဒုတ်ခနဲ ဒုတ်ခနဲ အသံများကို ကြားလာရပြန်သည် ။ ကျွန်တော်နှင့် ကိုမင်းနောင်တို့ တစ်ယောက်ကိုတစ် ယောက် လက်ကုတ်ကာငြိမ်လျက် နားစွင့်နေကြသည် ။ ဒုတ်ခနဲ ဒုတ်ခနဲ အသံများ ပျောက်သွားပြီး နောက် ရှူးခနဲ ရှူးခနဲ ဝက်တစ်ကောင်၏ နှာမှုတ်သံကို ကြားလိုက်ရသည် ။ ထိုအခါမှ ကျွန်တော်သည် အဘအောင်ကို လှုပ်၍ နှိုးလိုက်သည် ။ အဘအောင်သည် ဆတ်ခနဲ နိုးလာကာ အသံကိုနားစွင့်နေလိုက် သည် ။

"ဟုတ်တယ် ... ဝက်တွေဝင်လာနေပြီ၊ ဆရာလေးတို့ အသင့်ပြင်ထားပေတော့"

ကိုမင်းနောင်သည် ပွိုင့်တူးတူးကို အသင့်ကိုင်လိုက်ပြီး နာရီကြည့်လိုက်သည် ။

"(၉)နာရီတောင် မထိုးသေးဘူးကွ"

ခဏအကြာတွင် စောစောက ရှူးခနဲ ရှူးခနဲ နှာမှုတ်သံများ ပျောက်

ကွယ်သွားပြီးနောက် အိခနဲ အိခနဲ အော်သံများ အဆက်မပြတ်ထွက်လာပြန်သည် ။ သည် တစ်ခါတော့ ကျွန်တော် သဘော ပေါက်သွားသည် ။ အိခနဲအော်သံများ သည် ဝက်ပေါက်ကလေးများ တစ်ကောင်နှင့်တစ်ကောင် ဆော့ကစားရင်း အော်ကြသောအသံမှန်း နားလည်လိုက်သည် ။ အသံများ တဖြည်းဖြည်းနီးလာသည် နှင့်အမျှ သခွားခင်းများ အကြားတွင် ချိုးချိုးချွတ်ချွတ်နှင့် တိုးဝင်လာသောအသံများ ကြားနေရပြန် သည် ။ ကျွန်တော်သည် နှစ်လုံးပြူးပြောင်းအတွင်းသို့ ကိုးလုံးကျည်နှစ်တောင့်ကို ထိုးထည့်ပြီး အခြေ အနေကို အကဲခတ်နေမိသည် ။

ချိုးချိုးချွတ်ချွတ်အသံများ သည် တဖြည်းဖြည်းနီးလာလိုက်၊ ဝေးသွားလိုက်နှင့် ဖြစ်သည် ။ ဝက်များ သည် အခြေအနေကိုအကဲခတ်ရင်း ဝင်လာဟန်တူသည် ။

အသံများ နီးလာသည် နှင့်အမျှ စောစောက အိခနဲ အိခနဲ အသံများ ပျောက်သွားသည် ။ ကိုမင်း နောင်က ပွိုင့်တူးတူးကို အသင့်ကိုင်ရင်း ဒူးတစ်ဖက်ထောက်ကာ ငြိမ်လျက်ထိုင်နေသည် ။ လင့်နှင့် ဘေးတိုက်သခွားခင်းအစပ်မှ မည်းမည်း မည်းမည်းနှင့် တရွေ့ရွေ့တက်လာသော အကောင်များကို ကျွန်တော်တို့ အားလုံး လှမ်းမြင်လိုက်ကြရသည် ။

မည်းမည်းသဏ္ဍာန်များ နီးလာလိုက်၊ ဝေးသွားလိုက်နှင့် ခဏအကြာတွင် လင့်နှင့် (၁၄-၅) ကိုက်အကွာအထိ မည်းမည်းသဏ္ဍာန် သုံးခုတက်လာသည် ကို မြင်လိုက်ကြသည် ။

တောဝက်များ ၏ တရှူးရှူး နှာမှုတ်သံနှင့်အတူ သခွားပင်များကို တဖြုတ်ဖြုတ် ကိုက်ဝါးနေ သံကို အတိုင်းသားကြားနေရသည် ။

သခွားခင်းသည် စင်နှင့်အခိုင်အခံ့မဟုတ်ဘဲ မြေပြင်မှ တစ်ပေသာသာခန့်တွင် ဝါးတန်း ဝါးခက်စသည် တို့ နှင့် ထောက်ကာပြုလုပ်ထားခြ

င်းဖြစ်သည် ။ ကျွန်တော်တို့ သည် လင့်နှင့်တဖြည်း ဖြည်းနီးကပ်လာမည့် အခြေအနေကို ငြိမ်၍ စောင့်ကြည့်နေကြသည် ။

ထင်သည့်အတိုင်းပင် ထိုမည်းမည်းသဏ္ဍာန်များ သည် (၁၀)ကိုက်အကွာလောက်ထိ တရွေ့ရွေ့ တက်လာကြသည် ။ အဘအောင်က ကျွန်တော်တို့ နှစ်ယောက်ကို လက်ကုတ်၍ အချက်ပေးလိုက်သည် ။ ကျွန်တော်တို့ နှစ်ယောက်သည် သေနတ်မောင်းများကို ကျိတ်၍ တင်လိုက်ပြီး ကိုမင်းနောင်ကို လက်ဝဲ ဘက်ကအကောင်ကိုပစ်ရန် လက်ဟန်ခြေဟန်ပြ၍ ထိုးချိန်ပြီး မောင်းကိုဆွဲညှစ်လိုက်သည် ။

"ဒိုင်း ... ဒိုင်း"

သေနတ်နှစ်လက်မှ သေနတ်သံများ သည် တိတ်ဆိတ်ငြိမ်သက်နေသောညကို ပြိုင်တူဖောက် ထွင်းထွက်သွားပြီးနောက် သေနတ်သံကြောင့် တောကောင်များ ၏ တောပြိုသံ အော်သံများ ထွက်ပေါ် လာသည် ။ အသံများ သည် ခဏအတွင်း ပြန်လည်တိတ်ဆိတ်သွားပြန်သည် ။

ကျွန်တော်တို့ ပစ်လိုက်သော မည်းမည်းသဏ္ဍာန်နှစ်ခုသည် သခွားခင်းများ အကြားတွင် ဖြုန်းဖြုန်းဖြောင်းဖြောင်းမြည်အောင် လူးလိမ့်နေကြပြီးနောက် တဖြည်းဖြည်း ငြိမ်သက်သွားကြ သည် ။

အဘအောင်ယူလာသော မီးတုတ်တွင် မီးညှိပြီး ကျွန်တော်တို့ အားလုံး လင့်ပေါ်က ဆင်းလာ ကြသည် ။

မီးရောင်အောက်တွင် မည်းပြောင်လျက်ရှိသော တောဝက်နှစ်ကောင်ကို သခွားပင်အကြားတွင် ငြိမ်သက်လျက်ရှိနေသည် ကို တွေ့လိုက်ကြသည် ။ အဘအောင်သည် မီးတုတ်ကိုကိုင်၍ တစ်ကောင်ပြီး တစ်ကောင်ကြည့်ရင်း ...

"ဆရာလေး … ဓားမြှောင် ခဏပေးစမ်းပါ"

"ဘာလုပ်ဖို့ လဲ အဘရ"

"ဒီကောင်ကြီးက ဝက်သိုးကြီး ဆရာလေးရ၊ ဒီကောင်တွေကို အခုချက်ချင်းဖျက်မှာ မဟုတ်ဘူး ၊ မနက်ဖြန်မှ ဖျက်မှာ ဆိုတော့ နံကုန်လိမ့်မယ်၊ ဒါကြောင့်မို့ မနံအောင်လုပ်မယ်"

အဘအောင်သည် ဝက်သိုးကြီး၏ သိုတံနှင့် သိုတံအရင်းနားရှိ အကျိတ်ကြီးကို ဖြတ်ထုတ်ပစ် လိုက်သည် ။

"ကဲ … ဒါတွေတော့ မနက်ကျမှ ပဲ ကျော်ဖံလှတို့ လာယူကြမှာ ပေါ့၊ ကျွန်တော်တို့ ဒီတစ်ည လင့်ပေါ်မှာ ပဲ ဒုက္ခခံကြတာပေါ့ ဆရာလေးရာ"

ကျွန်တော်တို့ သုံးယောက်သည် ဟင်းကောင်းမစားရသည် မှာကြာပြီဖြစ်၍ မနက်ဖြန်အတွက် တောဝက်သားဟင်းနှင့် မြိန်မြိန်ကြီးစားကြရမည်ကိုတွေးကာ ငိုက်လိုက်မှိန်းလိုက်နှင့် ထိုတစ်ညကို လင့်ပေါ်တွင် အချိန်ကုန်ခဲ့ပါတော့သည် ။

*****